# ရှမ်းပြည်နယ်လွှတ်တော်

## လွှတ်တော်သတင်းလွှာ

*Shan State Hluttaw Bulletin*



၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ( ၃ )ရက်၊ ၁၉. ၉. ၂၀၁၆၊ အတွဲ(၁)၊ အမှတ်(၃)



## ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ကျင်းပပြုလုပ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးကို(၁၂. ၇. ၂၀၁၆)ရက်နေ့မှ (၁၅. ၇. ၂၀၁၆) ရက်နေ့ထိ စုစုပေါင်း(၄)ရက် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးကို ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၁၃၃) ဦးတို့ တက်ရောက်ခဲ့ပါသည်။

အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် တပ်မတော်သား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၂)ဦးမှ ကတိသစ္စာပြုခြင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ နှုတ်ခွန်းဆက်စကားပြောကြားခြင်းနှင့် ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များ အပါအဝင် လွှတ်တော်လုပ်ငန်းဆိုင်ရာများအား ရှင်းလင်းတင်ပြခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးဌာန (၂) ခု၏ အမည်များ ပြင်ဆင်သတ်မှတ်ခြင်းအား တင်သွင်း မှတ်တမ်းတင်ခြင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ် ဥပဒေမူကြမ်း(၂)ခုအား တင်သွင်းခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာ အမှတ် (၂၂/၂၀၁၅)နှင့် အမိန့်ကြော်ငြာစာအမှတ် (၃၈/၂၀၁၅)နှင့် စပ်လျဉ်းသည့်ကိစ္စအား ရှင်းလင်းတင်ပြခြင်း၊ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင် ပါဝင်သော ဌာနအဖွဲ့အစည်းများအနက် ဌာန(၆)ခုအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေးများမှ အတည်ပြုထားသော ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေလွှဲပြောင်းသုံးစွဲမှု စာရင်းများအား တင်ပြခြင်း၊ အရေးကြီး အဆို (၁)ခု တင်သွင်းခြင်းနှင့် ဝမ်းနည်းကြောင်း အဆို(၁)ခု တင်သွင်းမှတ်တမ်းတင်ခြင်း၊ ပြည်နယ်လွှတ်တော် ကိုယ်စား လှယ်များမှ အဆိုများ တင်သွင်းခြင်းအပေါ် ပြည်နယ်အစိုးရအဖွဲ့မှ ပြန်လည်ရှင်းလင်းဖြေကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊ အတည်ပြုခြင်း၊ မေးခွန်းမေးမြန်းခြင်းများအပေါ် ဖြေကြားခြင်း၊ ပြည်နယ်လွှတ်တော်ရေးရာကော်မတီဝင်များ အစားထိုး ဖြည့်စွက်တာဝန် ပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးသို့ တက်ရောက်လာကြသော ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပြီး နိုင်ငံအကျိုး၊ ပြည်သူ့ အကျိုးကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်မယ်လို့ နှုတ်ခွန်း ဆက်သအပ်ပါတယ်။ ကျွန်တော်တို့ ဒုတိယအကြိမ် ရှမ်းပြည် နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးကို ဖေဖော်ဝါရီလ (၈)ရက်နေ့မှစပြီး ဧပြီလ(၅)ရက်အထိ ကျင်းပရာမှာ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ကို လွှတ်တော်ကိုယ်စား လှယ်များ၏ မဲဆန္ဒဖြင့်ရွေးချယ်နိုင်ခဲ့ပြီး ရှမ်းပြည်နယ် ဝန်ကြီးချုပ် အပါအဝင် ပြည်နယ်အစိုးရအဖွဲ့ဝင် (၁၀)ဦးကို လွှတ်တော်မှ အတည်ပြုပေးနိုင်ခဲ့ပါတယ်။ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၇)ဦး တို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အတည်ပြု ဖွဲ့ စည်းနိုင်ခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆိုပြုတင်ပြတဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း (သို့မဟုတ်) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင်များ နှင့် ဦးစီးအဖွဲ့ဥက္ကဋ္ဌ (၄)ဦး တို့ကို အတည်ပြုပေးနိုင်ခဲ့ပါတယ်။

၂၀၁၃ ခုနှစ် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၃ နှင့် ၂၄ တို့အရ ရှမ်းပြည် နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၂(က) နှင့်အညီ ရှမ်းပြည် နယ်လွှတ်တော်ရေးရာကော်မတီ(၉)ခုကို ပြည်နယ်လွှတ် တော်ကိုယ်စားလှယ် စုစုပေါင်း (၇၅) ဦးဖြင့် ဖွဲ့စည်းဆောင် ရွက်ခဲ့ပါတယ်။ လွှတ်တော်ကော်မတီများဟာ လွှတ်တော် ရှိတဲ့အချိန်မှာ လွှတ်တော်ကို တာဝန်ခံရသလို လွှတ်တော်မရှိ တဲ့အချိန်မှာ ဥက္ကဋ္ဌကို တာဝန်ခံရတာဖြစ်ပါတယ်။ လွှတ်တော် ကော်မတီများရဲ့ တာဝန်၊ လုပ်ပိုင်ခွင့်နှင့်ရပိုင်ခွင့်များကို ပထမ ပုံမှန် အစည်းအဝေးမှာ သက်ဆိုင်ရာကော်မတီဥက္ကဋ္ဌများက ဖတ်ကြားရှင်းလင်းခြင်းဖြစ်တဲ့အတွက် မိမိတို့ရဲ့တာဝန်များကို စတင် ဆောင်ရွက်ဖို့ အချိန်အခါရောက်ရှိကြောင်း ပြောကြား လိုပါတယ်။

ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအစည်းအဝေးမှာ မေးခွန်းများမေးမြန်းခြင်းနှင့် အဆိုများ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ပါ ကန့်သတ်ချက်များ၊ စည်းကမ်းချက်များနှင့် အညီဖြစ်ဖို့

လိုအပ်ပါတယ်။ ဆိုလိုတာကတော့ ကြယ်ပွင့်ပြမေးခွန်းနှင့် ကြယ်ပွင့်မပြ မေးခွန်းတို့ကို ကွဲကွဲပြားပြားဖော်ပြရမှာဖြစ်သလို မေးခွန်းနှင့်အဆို ခေါင်းစဉ်များကိုလည်း ရှင်းလင်းဖော်ပြဖို့ဖြစ်ပါတယ်။ ဒ့ါအပြင် ကာယကံရှင်ကိုယ်တိုင် လက်မှတ်ရေးထိုးပြီး သတ်မှတ်ရက်အတွင်း ပေးပို့မယ်ဆိုလို့ရှိရင် ပြန်လည်ဖြေကြား ဆွေးနွေးမဲ့ ပြည်နယ်အဖွဲ့အစည်းဝင်များရဲ့ ပိုမိုတိကျသော၊ ပိုမို ပြည့်စုံသော ဖြေကြားချက်များကို ပြုစုနိုင်မှာဖြစ်ပါတယ်။ အဆိုနှင့် မေးခွန်းများဟာ မိမိမဲဆန္ဒနယ်မှ အများပြည်သူ အတွက်ဦးတည်ရမှာဖြစ်ပြီး လက်တွေ့အကောင်အထည် ဖော်နိုင်တဲ့ ဘောင်ထဲက ဖြစ်ရမှာ ဖြစ်ပါတယ်။ အဆိုနှင့် မေးခွန်းတွေဟာ အရှိကိုအရှိအတိုင်း၊ အမှန်ကို အမှန်အတိုင်း မတင်ပြပဲ အပိုပြောတာတွေ၊ ဆန္ဒစောလွန်းတာတွေ ဆန္ဒပြင်း ပြတာတွေပါလာပါက အမှန်သို့မရောက်ရှိဘဲ အမှားသို့ရောက် ရှိသွားတတ်ပါတယ်။ မေးခွန်းနှင့်စပ်လျဉ်းတဲ့ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၁ပါ ကန့်သတ်ချက်များနှင့် နည်းဥပဒေ ၁၀၂ ပါ စည်းကမ်းချက်များနှင့် မညီညွတ်သော မေးခွန်းမျိုးမဖြစ်ဖို့ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် သတိပြုရမှာဖြစ်သလို ဖြေကြားတဲ့ ပြည်နယ်အစိုးရ အဖွဲ့ဝင် များ အနေဖြင့်လည်း အမြင်ရှင်းစွာ တိတိကျကျ ဖြေကြားဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ကျွန်ုပ်တို့လွှတ်တော်ကိုယ်စားလှယ် များ၏ အဓိကတာဝန်ဟာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး တာဝန်ရှိတဲ့ အစိုးရအဖွဲ့နှင့် အပြန်အလှန် ထိန်းညှိခြင်းပဲ ဖြစ်ပါ တယ်။ လွှတ်တော်တာဝန်ယူရတဲ့ ဥပဒေပြုရေးနှင့် အစိုးရက တာဝန်ယူရတဲ့ အုပ်ချုပ်ရေးတာဝန်ဟာ သီးခြားဖြစ်သော် လည်းပဲ လွှတ်တော်နှင့် အစိုးရတို့လုပ်ငန်းများကို ပူးပေါင်း ညှိနှိုင်း ဆောင်ရွက်မည်ဆိုပါက လုပ်ငန်းများ အားကောင်း မောင်းသန်မှာ ဖြစ်ပါတယ်။

လွှတ်တော်အစည်းအဝေးမှာ မေးခွန်းမေးမြန်းခြင်းနှင့် အဆိုများတင်သွင်းခြင်းတို့အပြင် အရေးကြီးလှတဲ့ ဥပဒေပြုရေး တာဝန်ရှိပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေ ပြုစာရင်းဇယား(၂)ပါ ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေ ကြမ်း၊ ပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေကြမ်းနှင့် ပြည်နယ် အကောက်ခွန်ဆိုင်ရာ ဥပဒေကြမ်းတို့အတွက် ပြည်နယ်အစိုးရ အဖွဲ့ကသာဥပဒေပြုခွင့်ရှိသော်လည်း ကျန်ဥပဒေကြမ်းများကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲပြုစုနိုင် ပါတယ်။ ဒုတိယပုံမှန်အစည်းအဝေးမှာ ရှမ်းပြည်နယ် အစိုးရ အဖွဲ့က ဥပဒေကြမ်း ၂ ခု ကို တင်သွင်းမှာဖြစ်ကြောင်း သိရှိရပါ တယ်။ ထို့အတူပဲ လွှတ်တော်ကိုယ်စားလှယ်များကလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေဇယား ၂ ပါ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်းထဲက ဥပဒေပြုခွင့်ရှိသော ဥပဒေများကို ရေးဆွဲပြုစုဖို့ တိုက်တွန်းပြောကြားလိုပါတယ်။ ကြုံတွေ့လာခဲ့တဲ့ အတွေ့အကြုံအရ လွှတ်တော်ကိုယ်စား လှယ်များဟာ မေးခွန်းများမေးမြန်းခြင်း ကဏ္ဍကို အလေးပေး ဆောင်ရွက်နိုင်ခဲ့သော်လည်း ဥပဒေရေးဆွဲရေးကဏ္ဍမှာတော့ မှေးမှိန်အားနည်းနေသေးကြောင်း တွေ့ရှိနေရပါတယ်။ ကျွန်တော်တို့ကို ဆန္ဒမဲပေးရွေးချယ်ထားတဲ့ ပြည်သူတွေဟာ ကိုယ်တိုင်ရင်ဆိုင်ဖြတ်သန်းခံစားခဲ့ရတဲ့ ဘဝအတွေ့အကြုံက ပေးအပ်တဲ့အသိတရား၊ မှန်ကန်တဲ့ အသိတရားအပေါ် အခြေ ခံတဲ့ ဆန္ဒရှိသူများ ဖြစ်ကြပါတယ်။ ပြည်သူတို့ရဲ့ တင်ပြချက်၊ ပြည်သူတို့ရဲ့အသံ၊ ပြည်သူတို့ရဲ့ခံစားချက်နဲ့ ပြည်သူတို့ရဲ့ မျှော်လင့်ချက်များကို ချင့်ချိန်သုံးသပ်ပြီး လွှတ်တော်အစည်း အဝေးမှာ တင်ပြရတာဖြစ်ပါတယ်။ မိမိတို့ရဲ့ တင်ပြဆွေးနွေး ချက်ဟာ မဲဆန္ဒရှင်ပြည်သူများရဲ့ အကျိုးစီးပွား၊ မိမိ ပြည်နယ်ဖွံ့ ဖြိုးတိုးတက်ရေးနှင့် အကျိုးစီးပွားကို ရှေးရှုပြီး စေတနာမှန်မှန် အတ္တမစွဲစိတ်ဖြင့် ပြည်သူလူထုရဲ့ လိုလားမျှော်လင့်ချက်များ ကို အတတ်နိုင်ဆုံး ဖော်ဆောင်ပေးရမှာပဲ ဖြစ်ပါတယ်။

နိဂုံးချုပ်အားဖြင့် ရှမ်းပြည်နယ်လွှတ်တော်အနေဖြင့် လွှတ်တော်ကိစ္စများကို ဆောင်ရွက်တဲ့နေရာမှာ အခြားတစ်ပါး သော အဖွဲ့အစည်းတွေရဲ့ ဖိအားပေးမှု အခြားအခြားသော ပုဂ္ဂိုလ်တွေရဲ့ လွှမ်းမိုးမှု မရှိစေဘဲ အမှီခိုကင်းကင်းဖြင့် ရပ်တည် နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက် ရှိပါတယ်။ မိမိ လွှတ်တော်အတွင်း စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး မိမိတို့အချင်းချင်းကြားမှာ မိမိတို့လေ့လာအားနဲ့ ထွက်ပေါ် လာတဲ့ အကြံကောင်းဉာဏ်ကောင်းနဲ့ မိမိ ပြည်နယ်နဲ့ မိမိတိုင်း ပြည်အတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

## တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကတိသစ္စာပြုခြင်းဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၂. ၇. ၂၀၁၆) ရက်နေ့တွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သားပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးအေးဇော်နှင့် ဗိုလ်မှူးခင်လှဝင်းတို့မှ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် (၂)ဦး ကတိသစ္စာပြုနေစဉ်

## ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း ကတိသစ္စာပြုခြင်းဆောင်ရွက်

ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့) (၁၃. ၇. ၂၀၁၆) ရက်နေ့တွင် ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းမှ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ရှေ့မှောက်၌ ကတိသစ္စာပြုခြင်း ဆောင်ရွက်ခဲ့ပြီးကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးပါသည်။



ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်း ကတိသစ္စာပြုနေစဉ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်မှ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌအမည်စာရင်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးဌာနများ အမည်ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်သို့တင်ပြ



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ အမည်စာရင်းနှင့် ဝန်ကြီးဌာန အမည်ပြင်ဆင်ခြင်းတို့အား လွှတ်တော်သို့ တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ဒုတိယနေ့)(၁၃. ၇. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်မှ ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဦးအာကာလင်းအား တင်ပြခြင်းနှင့် ရှမ်းပြည်နယ် သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမည်အစား သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနဟုလည်း ကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန အမည်အစား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဟုလည်း ကောင်း ရှမ်းပြည်နယ်ဝန်ကြီးဌာန(၂)ခု၏ အမည်ပြင်ဆင်သတ်မှတ်ခြင်းအား လွှတ်တော်သို့ တင်ပြခဲ့ပြီး အတည်ပြုခြင်း ဆောင်ရွက်ခဲ့ပါသည်။

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးမှ ရှမ်းပြည်နယ် ဆားနှင့် ဆားထွက်ပစ္စည်း ဥပဒေမူကြမ်း တင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ပထမနေ့) (၁၂. ၇. ၂၀၁၆) ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင်မှ ရှမ်းပြည်နယ် ဆားနှင့်ဆားထွက် ပစ္စည်းဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေအား နောင်လာမည့်လွှတ်

တော်ပုံမှန် အစည်းအဝေးတွင် ဆွေးနွေးအတည်ပြုသွားမည် ဖြစ်ကြောင်းနှင့် ဆွေးနွေးချက်များကို (၁၀-၇-၂၀၁၆) ရက်နေ့ အရောက် ပေးပို့ကြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာပါသည်။



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးမှ ဆားနှင့်ဆားထွက်ပစ္စည်း ဥပဒေ(မူကြမ်း)အား တင်သွင်းနေစဉ်

## မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းမှ ဝမ်းနည်းကြောင်းအဆိုတင်သွင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး(ပထမနေ့) (၁၂. ၇. ၂၀၁၆)ရက်နေ့တွင် မိုင်းယန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းမှ " ကျိုင်းတုံမြို့နယ်၊ မဲဆန္ဒ နယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးပီတာ သောင်းစိန်(၁၁. ၅. ၂၀၁၆)ရက်နေ့တွင် ကွယ်လွန်သွားမှု အပေါ် ရှမ်းပြည်နယ်လွှတ်တော်မှ ဝမ်းနည်း ကြောင်း"အဆို တင်သွင်းခဲ့ပါသည်။ ယင်းအဆိုအား လွှတ်တော်မှ မှတ်တမ်း တင်ခဲ့ကြောင်း သိရှိရပါသည်။



မိုင်းခတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းလှိုင်ခမ်းမှ ဝမ်းနည်းကြောင်းအဆို တင်သွင်းနေစဉ်

## ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ အမည်စာရင်း

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီတွင် ပါဝင်သော ကော်မတီ ဝင်များ အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

### ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ အလုပ်အမှုဆောင်ကော်မတီ

(က) ဦးအာကာလင်း — ဥက္ကဋ္ဌ
ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ခ) ဦးအေးမင်းစိုး — အဖွဲ့ဝင်
ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)

(ဂ) ဦးညီညီ(ခ)ဦးညီလေးချမ်း — အဖွဲ့ဝင်
ပင်းတယမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)

(ဃ) ဗိုလ်မှူးဇေယျာအောင် — အဖွဲ့ဝင်
တပ်မတော်သားကိုယ်စားလှယ်

## ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးမှ ရှမ်းပြည်နယ် အိမ်တွင်းစက်မှု လက်မှုလုပ်ငန်း ဥပဒေမူကြမ်း တင်သွင်း



ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေး ဝန်ကြီးမှ အိမ်တွင်း စက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)အား တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (ဒုတိယနေ့) (၁၃. ၇. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်မှ ရှမ်းပြည်နယ် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဥပဒေ(မူကြမ်း)အား လွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ အဆိုပါ ဥပဒေအား နောင်လာမည့် လွှတ်တော်ပုံမှန် အစည်း အဝေးတွင် ဆွေးနွေးအတည်ပြုသွားမည်ဖြစ်ကြောင်းနှင့် ဆွေး နွေးမည့်သူများအနေဖြင့် ဆွေးနွေးချက်များကို (၁၀-၇-၂၀၁၆) ရက်နေ့အရောက် ပေးပို့ကြရန် လွှတ်တော်ဥက္ကဋ္ဌက ကြေညာ ပါသည်။

## တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်မှ အရေးကြီးအဆို တင်သွင်း



တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်မှ အရေးကြီးအဆို တင်သွင်းနေစဉ်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းဟန်မှ “(၁၂. ၇. ၂၀၁၆)ရက်နေ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်အရ ရပ်စောက်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁) ဗထူးတပ်နယ်ရှိ မဲရုံအမှတ်(၁)နှင့် (၂) တို့မှ စစ်မှုထမ်း၊ မိခိုသူ မိသားစု၊ အရပ်သား ဝန်ထမ်းနှင့် သင်တန်းသားများ၏ မဲရလဒ်များအား ပယ်ဖျက်ခဲ့ခြင်းအပေါ် ကန့်ကွက်ကြောင်း”အဆို တင်သွင်းခြင်းအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်(၄)ဦးမှ ဆွေးနွေးခဲ့ကြပြီး အဆိုပါ အရေးကြီးအဆိုအား မှတ်တမ်းတင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သမ္မတထံသို့ သဝဏ်လွှာပေးပို့သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။



ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်မှ အရေးကြီးအဆိုအား ဆွေးနွေးနေစဉ်

## ဝန်ဆောင်မှုလုပ်ငန်းများအတွက် ဘဏ္ဍာတော် အခကြေးငွေ (Royalty Fees) ကောက်ခံရေးဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅)နှင့် (၃၈/၂၀၁၅)အား ရှင်းလင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီး ဦးစိုင်းလုံကျော်မှ ဝန်ဆောင်မှု လုပ်ငန်းများအတွက် ဘဏ္ဍာတော်အခကြေးငွေ (Royalty Fees) ကောက်ခံခြင်းဆိုင်ရာ အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၁၅) နှင့် (၃၈/၂၀၁၅)တို့အား ၂၁-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပုံမှန်အစည်းအဝေး အမှတ်စဉ် (၁-၆/၂၀၁၆) ဆုံးဖြတ်ချက် အပိုဒ် ၄(င)အရ ပယ်ဖျက်ကြောင်း အတည်ပြုခဲ့ပြီး ၁၁-၇-၂၀၁၆ ရက်နေ့တွင် ထုတ်ပြန်သော အမိန့် ကြော်ငြာစာအမှတ် (၃၂/၂၀၁၆) ဖြင့် လွှမ်းမိုးပယ်ဖျက်ခဲ့ကြောင်းကို သိရှိနိုင်ရန်အတွက် လွှတ်တော်သို့ ရှင်းလင်းတင်ပြခဲ့ပါသည်။



ရှမ်းပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးမှ ရှင်းလင်းတင်ပြနေစဉ်

## ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေတွင်ပါဝင်သော ဌာန(၆)ခု၏ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမှု စာရင်းများအား တင်ပြ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(တတိယနေ့) (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရဲန်တစ်လုံမှ ၂၀၁၆- ၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်မှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပုံမှန်အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သည့် ငွေလုံးငွေရင်း အသုံးစရိတ် ရန်ပုံငွေလွှဲပြောင်းသုံးစွဲခြင်းများနှင့် ပတ်သက်ပြီး (၁)ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဒေသဖွံ့ဖြိုးမှု

ကြီးကြပ်ရေးရုံး၊ (၂)ပြည်နယ်အစိုးရအဖွဲ့၊ " ဝ "ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့၊ (၃) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ (၄)မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ (၅)လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ (၆)စည်ပင်သာယာရေးဌာနတို့၏ ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေ လွှဲပြောင်းသုံးစွဲမှု စာရင်းများအား လွှတ်တော်သို့ တင်ပြခဲ့ပါသည်။



ရှမ်းပြည်နယ် ဘဏ္ဍာရေးဝန်ကြီးမှ ရှင်းလင်းတင်ပြနေစဉ်

## ရှမ်းပြည်နယ်လွှတ်တော်ရေးရာကော်မတီဝင်များ အစားထိုးဖြည့်စွက် တာဝန်ပေးအပ်ခြင်းဆောင်ရွက်

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (တတိယနေ့) (၁၄. ၇. ၂၀၁၆)ရက်နေ့တွင် ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေးတွင် ရေးရာကော်မတီ (၉)ခု ဖွဲ့စည်းခဲ့ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းရာတွင် ရေးရာကော်မတီ(၄)ခုမှ ကိုယ်စားလှယ်(၅)ဦးအနက် လွှတ်တော်ကိုယ်စားလှယ် (၄)ဦးမှာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများအဖြစ် ရွေးချယ်တာဝန်ပေးအပ်ခြင်းခံရပြီး၊ ကျန်လွှတ်တော်ကိုယ်စားလှယ် (၁) ဦးမှာ ကွယ်လွန်အနိစ္စရောက်ရှိသွားသဖြင့် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ(၇၀)အရ လစ်လပ်သော အောက်ပါ လွှတ်တော်ရေးရာကော်မတီဝင်များနေရာတွင် -

(၁) ဦးစိုင်းလုံကျော်၊ ဥက္ကဋ္ဌ၊ ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအစား ဦးအောင်သူ၊ လားရှိုးမြို့နယ်မဲဆန္ဒနယ်အမှတ်(၂)၊

(၂) ဦးစိုင်းရွှန်တစ်လုံ၊ အတွင်းရေးမှူး၊ ကျန်းမာရေးနှင့် ပညာရေး မြှင့်တင်မှု ကော်မတီဝင် အစား ဦးအေးမင်းစိုး၊ ရွာငံမြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊

(၃) ဦးစိုးညွန့်လွင်(ခ)ဦးစိုးကြီး၊ အဖွဲ့ဝင်၊ ကျန်းမာရေးနှင့် ပညာရေးမြှင့်တင်မှုကော်မတီအစား ဦးစိုင်းလုံ၊ မိုင်းကိုင်မြို့နယ်မဲဆန္ဒနယ် အမှတ်(၂)၊

(၄) ဦးစိုင်းစွံဆိုင်း၊ အဖွဲ့ဝင်၊ တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးကော်မတီအစား ဦးစိုင်းနောင့်၊ မိုင်းပန်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁)၊

(၅) ဦးပီတာသောင်းစိန်(ကွယ်လွန်)၊ အဖွဲ့ဝင်၊ ဥပဒေပြုရေးဆိုင်ရာ ကော်မတီအစား ဦးမောင်မောင်၊ ပြည်နယ်ဥပဒေအရာရှိ (ငြိမ်း) ပြင်ပပုဂ္ဂိုလ် တို့ဖြင့် အစားထိုးဖြည့်စွက် တာဝန်ပေးအပ်ခြင်းကို လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီချက် တောင်းခံရာ လွှတ်တော်မှ သဘောတူညီသဖြင့် လစ်လပ်သွားသော ရေးရာကော်မတီဝင်များနေရာတွင် အစားထိုး ဖြည့်စွက်တာဝန်ပေးအပ်ခြင်းကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာခဲ့ပါသည်။




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ ရှမ်းပြည်နယ်လွှတ်တော် ရေးရာကော်မတီဝင်များ အစားထိုးဖြည့်စွက် တာဝန်ပေးအပ်မှု အခြေအနေအား လွှတ်တော်၏သဘောတူညီချက်ရယူနေစဉ်






## လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှု ဆွေးနွေးပွဲပြုလုပ်

ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှု ဆွေးနွေးပွဲအား ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မြို့တော်ခန်းမတွင် (၁၆-၇-၂၀၁၆)ရက်နေ့မှ (၁၈-၇-၂၀၁၆) ရက်နေ့အထိ ကျင်းပခဲ့ပါသည်။ အဆိုပါ ဆွေးနွေးပွဲသို့ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ရှမ်းပြည်နယ်အတွင်းရှိ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စား လှယ်များ စုစုပေါင်း (၁၃၃) ဦး ခန့် တက်ရောက်ခဲ့ပါသည်။



လွှတ်တော်ကိုယ်စားလှယ်များ စွမ်းရည်မြှင့်တင်မှု ဆွေးနွေးပွဲတွင် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဦးကျင်ဖေ၊ ဦးမြင့်ထွန်း၊ ဦးအောင်မြင်၊ ဒေါက်တာစိုးမိုးအောင်၊ ပြည်နယ်ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ်စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး၊ ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးများမှ ဆွေးနွေး ပို့ချခဲ့ပါသည်။




ဆွေးနွေးပို့ချမှုများအပေါ် တက်ရောက်လာသူများမှ သိရှိလိုသည့် အချက်အလက်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ဆွေးနွေးပွဲ ဖွင့်ပွဲ/ပိတ်ပွဲများ၌ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်မှ အမှာစကားများ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

## ရှမ်းပြည်နယ်လွှတ်တော်ရုံး ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားပြုလုပ်

ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ လွှတ်တော်ရုံး အကြီးအမှူး ဦးကျော်သူဇော်တို့၏ ကြီးမှူးဆောင်ရွက်မှုဖြင့် ပြည်နယ်လွှတ်တော်ရုံး ဝန်ထမ်းများသည် ရှမ်းပြည်နယ်လွှတ်တော်ရုံး ပထမအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားအား ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ (၁၈-၈-၂၀၁၆) ရက်နေ့တွင် ကျင်းပခဲ့ပါသည်။



ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ရာတွင် တောင်ကျောင်းကြီးနှင့် ကျိုင်းတုံဘုန်းကြီးကျောင်းတို့မှ ပင့်သံဃာ(၅)ပါးအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆရာတော်များထံမှ ပရိတ်တရားတော်မြတ်တို့ကို နာယူခြင်းဖြင့် ကုသိုလ်ပွားများခြင်းများ ဆောင်ရွက်ကာ ဝါဆိုသင်္ကန်းနှင့် ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ပြီး လှူဒါန်းမှု အစုစုကို ရေစက်သွန်းချ အမျှပေးဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် ရှမ်းပြည်နယ်လွှတ်တော်ရုံး ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲသို့ ကြွရောက်လာသော ဧည့်ပရိသတ်များအား နံနက်စာများ၊ အချိုပွဲများဖြင့် တည်ခင်းကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။



## ရှမ်းပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် ရွာငံမြို့နယ်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲပြုလုပ်



ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်သည် (၃-၈-၂၀၁၆) ရက်နေ့ နံနက်(၀၉၀၀)နာရီအချိန်တွင် ရွာငံမြို့နယ် မြို့ဦးမင်္ဂလာကျောင်း၌ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ ပြုလုပ်ခဲ့ပါသည်။

လွှတ်တော်ဒုတိယဥက္ကဋ္ဌသည် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပူဇော်ပွဲ ကျင်းပပြုလုပ်ရာ မြို့ဦးမင်္ဂလာကျောင်းတွင် ဆရာတော်အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းများနှင့် ဝတ္ထုငွေများ လှူဒါန်းခြင်း၊ ဆွမ်းခဲဖွယ်များ၊ အချိုပွဲများ ဆက်ကပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် အလှူပွဲသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား နေ့လည်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရပါသည်။



ရွာငံမြို့နယ်၌ ကျင်းပပြုလုပ်သော ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ရှမ်းပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ် နှင့် ဇနီး ဒေါ်ဖြူဖြူညွန့် မိသားစုမှ မတည်လှူဒါန်းပေးခဲ့ပြီး၊ ရွာငံမြို့နယ်ရှိ ဌာနဆိုင်ရာများနှင့် အလှူရှင်များမှ ပူးပေါင်း၍ ပါဝင်လှူဒါန်းကုသိုလ်ယူခဲ့ကြောင်း သိရှိရပါသည်။

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅–၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော မြို့နယ်၊ ကျောင်း၊ ကျောင်းသား/ကျောင်းသူများအား အခမ်းအနားဖြင့် ဆုချီးမြှင့်ဂုဏ်ပြု



ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ထူးချွန်ဆုရသူများ မှတ်တမ်းတင်ဓာတ်ပုံ

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော အောင်ချက်အကောင်းဆုံးမြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း၊ ဂုဏ်ထူး(၆)ဘာသာထွက်ရှိအောင် သင်ကြားပေးသော ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမများ၊ ဂုဏ်ထူးရ ကျောင်းသား/ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားကို (၂၀-၈-၂၀၁၆) ရက်နေ့တွင် တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ အောင်ချက်အကောင်းဆုံး မြို့နယ်ဆုရ မူဆယ်မြို့နယ်အား ဆုချီးမြှင့်နေစဉ်

ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ်မှာ အဖွင့်အမှာစကား ပြောကြားကာ ထူးချွန်စွာ အောင်မြင်ခဲ့ကြသော မြို့နယ်၊ ကျောင်း၊ ထူးချွန်ဆုရ ကျောင်းသား/ကျောင်းသူများအား ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်လူမှုရေးဝန်ကြီးနှင့် အခြား တက်ရောက်လာသူများမှ ဆုများအား ပေးအပ်ချီးမြှင့်ခဲ့ကြပါသည်။



ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌမှ (၆)ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဆုချီးမြှင့်နေစဉ်

ထူးချွန်ဆုများအား ပေးအပ်ချီးမြှင့်ရာတွင် အောင်ချက်အကောင်းဆုံး မြို့နယ်ဆုကို မူဆယ်မြို့နယ်၊ အောင်ချက်အကောင်းဆုံးကျောင်း ပထမဆုအား အထက(၅)တောင်ကြီး၊ ဒုတိယဆုအား အထက(၄)တောင်ကြီးနှင့် တတိယဆုအား DNNA ကိုယ်ပိုင်ကျောင်းတို့က ရရှိကြပါသည်။

ဆုချီးမြှင့်ရာတွင် ဂုဏ်ထူး(၆)ဘာသာ ထွက်ရှိအောင် သင်ကြားပေးသော ကျောင်းအုပ်ကြီးနှင့် ဆရာ/ဆရာမ (၉၁) ဦး၊ (၆)ဘာသာဂုဏ်ထူးရှင်(၂၆)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် (၇၉)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင်(၁၀၀)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင်(၁၇၀)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်(၃၂၇)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၂၄၄၁)ဦးတို့အား အဆင့်လိုက် ထူးချွန်ဆုများပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။



ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းမှ (၄)ဘာသာဂုဏ်ထူးရှင် တစ်ဦးအား ဆုချီးမြှင့်နေစဉ်

# ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၏ ဒေသဖွံ့ဖြိုးရေးနှင့် ဒေသတွင်းလူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လှုပ်ရှားဆောင်ရွက်မှု သတင်းမှတ်တမ်းများ

## အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ညောင်ရွှေမြို့တွင် ကျင်းပသော ရှမ်းပြည်နယ်လုံးဆိုင်ရာ စာပြန်ပွဲတော်အား တက်ရောက်

အင်းသားတိုင်းရင်းသား လူမျိုးရေးရာ ဝန်ကြီး ဒေါက်တာထွန်းလှိုင်သည် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ညောင်ရွှေမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ ၁၇-၆-၂၀၁၆ ရက်နေ့တွင် ညောင်ရွှေမြို့တွင် ကျင်းပသော ရှမ်းပြည်နယ်လုံးဆိုင်ရာ စာပြန်ပွဲတော်ကြီးသို့ တက်ရောက်၍ သံဃာတော် အရှင်သူမြတ်တို့အား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုး ဟိုတယ်ဆိုင်ရာဝန်ဆောင်မှုသင်တန်းဆင်းပွဲတက်ရောက်

ညောင်ရွှေမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်မိုးသည် ၂၉-၆-၂၀၁၆ ရက်နေ့တွင် ညောင်ရွှေမြို့နယ်၌ ကျင်းပသော ဟိုတယ်ဆိုင်ရာ ဝန်ဆောင်မှုသင်တန်း(ညှော်ကြို)ဆင်းပွဲသို့ တက်ရောက်၍ ထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်း မိဘမဲ့ကလေးများအတွက် ငွေလှူဒါန်း



ကွတ်ခိုင်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအိုက်မွန်းသည် ၂၀-၇-၂၀၁၆ ရက်နေ့တွင် ကွတ်ခိုင်မြို့နယ် မန်နောင်ကျေးရွာ၌ ဖွင့်လှစ်သော ကိုယ်ထူကိုယ်ထ ပရဟိတကျောင်းမှ မိဘမဲ့ကလေးများအတွက် အလှူငွေ ကျပ်တစ်သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညို အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တက်ရောက်



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမောင်ညိုသည် ၂၆-၆-၂၀၁၆ ရက်နေ့တွင် မဘိမ်းမြို့နယ်တွင် ကျင်းပသော (၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ ဟောပြောပွဲ၊ မူးယစ်ဆေးဝါးများ ဖမ်းဆီးမိရေး ဆောင်ရွက်ခဲ့သူများနှင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲဆုရသူများအား ဂုဏ်ပြုပွဲ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

## နမ့်စန်မြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ ပြည်ထောင်စုလွှတ်တော်ရန်ပုံငွေပေးအပ်ပွဲတက်ရောက်

နမ့်စန်မြို့နယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးလင်းဆောင်ဆွေနှင့် ဦးစိုင်းလုံတို့သည် နမ့်စန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကျင်းပသော ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေ ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ရန်ပုံငွေများ ခွဲဝေပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။




## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်း ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

မူဆယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကျော်သိန်းသည် ၂၅-၅-၂၀၁၆ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နှင့် တရုတ်နိုင်ငံ ကျယ်ဂေါင်မြို့ နှစ်နိုင်ငံဝင်ပေါက်၌ ဝင်ထွက်သွားလာသည့် ပြည်သူလူထုများ အဆင်ပြေစွာ ဝင်ထွက်သွားလာနိုင်ရန်အတွက် ကား၊ ဆိုင်ကယ်၊ လူဝင်ပေါက်သီးသန့်ဖြစ်ရေး ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူး ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန် ကွင်းဆင်းကြည့်ရှု



မိုင်းရယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမြင့်ထူးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မိုင်းရယ်မြို့နယ်၊ နားဖျိုင်းကျေးရွာတွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မြေသားလမ်းမှ ကျောက်ချောလမ်းခင်းရန် လမ်းမိုင်များအား ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက် မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်ရန်အတွက် ချက်လက်မှတ်ပေးအပ်ပွဲသို့ တက်ရောက်



ကလောမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန်းထိုက်သည် ကလောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆောင်ရွက်မည့် ကျောက်ထပ်ကျေးရွာအုပ်စု၊ တောင်ပတ်ကျေးရွာအား သိန်း(၃၀၀)တန် ချက်လက်မှတ်ပေးအပ်ပွဲသို့ တက်ရောက်၍ ချက်လက်မှတ်ပေးအပ်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်း မူလွန်ကျောင်းဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေး



မဘိမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းသိန်းသည် မဘိမ်းမြို့နယ်၊ ချောင်းဝအုပ်စု၊ ကွန်းတောသစ်ကျေးရွာ အခြေခံမူလတန်းလွန်ကျောင်း၊ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်း အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့တက်ရောက်



မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီဝင်းသည် ၂၆-၆-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားသို့ တက်ရောက်၍ ဆုရရှိသော ကျောင်းသား/သူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင် မူလတန်းကျောင်းသုံး ပစ္စည်းများထောက်ပံ့လှူဒါန်း

နမ္မတူမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်နှင့် အဖွဲ့သည် ၃-၇-၂၀၁၆ ရက်နေ့တွင် နမ္မတူမြို့နယ်၊ နန်ခွန်၊ ဟူးဆာ၊ ဟိုက်တောင်၊ ဆင်လီ မူလတန်းကျောင်းများသို့ သွားရောက်၍ ကျောင်းသား/သူများအား ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်နှင့် အဝတ်အထည်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးညီညီ(ခ)ဦးညီလေးချမ်း ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့်ပွဲ တက်ရောက်



ပင်းတယမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးညီညီ(ခ)ဦးညီလေးချမ်းသည် ၁၂-၇-၂၀၁၆ ရက်နေ့တွင် ရွာငံမြို့နယ်၌ ကျင်းပသော ဗိုလ်မှူးကြီးဗထူး နှစ်တစ်ရာပြည့် ကြေးရုပ်ဖွင့်ပွဲနှင့် ပန်းခြံဖွင့်ပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

နမ့်ခမ်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအေးမောင်သည် ၂၀-၇-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၁၆ ရက်နေ့အထိ ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် မိုးစပါး၊ မြေပဲခင်း၊ ပြောင်းဖူးခြံနှင့် ကြံခင်းခြံများ ရေနှစ်မြုပ်သည့်အတွက် ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပူးပေါင်းကွင်းဆင်း ဆောင်ရွက်ခြင်း၊ စည်ပင်သာယာရေး ကော်မတီအသစ် ရွေးချယ်ပွဲသို့

တက်ရောက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင် အသစ်များ ရွေးချယ်ရေးကိစ္စများအား ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရှိရပါသည်။



## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ အဆိုများ တင်သွင်းခြင်း၊ပြည်နယ်အစိုးရအဖွဲ့ဝင်များမှရှင်းလင်း ဆွေးနွေးခြင်း၊ မှတ်တမ်းတင်ခြင်း၊အတည်ပြုခြင်းနှင့် မေးခွန်းပြောင်းလဲခြင်း အခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂. ၇. ၂၀၁၆)ရက်နေ့မှ (၁၅. ၇. ၂၀၁၆) ရက်နေ့အထိ အစည်းအဝေး(၄)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တစ်ဦး ကွယ်လွန်သည့်အတွက် ဝမ်းနည်းကြောင်းအဆို၊ ကော်မရှင်ကိစ္စရပ်ဆိုင်ရာ အရေးကြီးအဆို၊ လူမှုစီးပွားနှင့် ပညာရေးဆိုင်ရာအဆို၊ ဒေသန္တရအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်မြေလုံခြုံရေးနှင့် စစ်ဘေးလျှော့ချရေးအဆို (၁၁)ခု တင်သွင်းခဲ့ပါသည်။ ယင်းအဆိုများ တင်သွင်းခြင်းကို လွှတ်တော်ကိုယ်စားလှယ်အသီးသီးမှ ထောက်ခံဆွေးနွေးခြင်းများ၊ အထွေထွေဆွေးနွေးခြင်းများ ဆောင်ရွက်မှုများအပေါ် သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြပြီး ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် အဆို (၆) ခုအား မှတ်တမ်းတင်ခြင်း၊ အဆို(၂)ခုအား ကြယ်ပွင့်ပြမေးခွန်းအဖြစ် ပြောင်းလဲခြင်း၊ အဆို(၃)ခု အား အတည်ပြုခြင်းများကို ရှမ်းပြည်နယ်လွှတ်တော်မှ ဆောင်ရွက်ခဲ့ပါသည်။

**ဒီမိုကရေစီ ဖော်ဆောင်ရေး**
**လူငယ်များ ဝိုင်းဝန်းဆောင်ရွက်ပေး**

## ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှမေးခွန်းများ မေးမြန်းခြင်းနှင့် ပြည်နယ်အစိုးရ အဖွဲ့ဝင်များမှ ပြန်လည်ဖြေကြားမှု အခြေအနေ

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး(၁၂. ၇. ၂၀၁၆)ရက်နေ့မှ (၁၅. ၇. ၂၀၁၆) ရက်နေ့အထိ အစည်းအဝေး(၄)ရက် ကျင်းပရာတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များမှ ကြယ်ပွင့်ပြမေးခွန်း(၅၅)ခု မေးမြန်းမှုအပေါ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းမှုနှင့် ပြန်လည်ဖြေကြားမှု အခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| စဉ် | ရက်စွဲ | မေးခွန်း မေးမြန်းမှု | ဖြေကြားမှု |
|---|---|---|---|
| ၁ | ၁၂-၇-၂၀၁၆ | ၁၄ | ၁၄ |
| ၂ | ၁၃-၇-၂၀၁၆ | ၁၇ | ၁၇ |
| ၃ | ၁၄-၇-၂၀၁၆ | ၁၅ | ၁၅ |
| ၄ | ၁၅-၇-၂၀၁၆ | ၉ | ၉ |
| စုစုပေါင်း | | ၅၅ | ၅၅ |



ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ရုံးအကြီးအမှူး ဦးကျော်သူဇော် အခမ်းအနားမှူးအဖြစ် ဆောင်ရွက်နေစဉ်

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်းဓာတ်ပုံများ




လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းအမှတ်တရဓာတ်ပုံ




ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များ စုပေါင်းအမှတ်တရဓာတ်ပုံ




ရှမ်းပြည်နယ်လွှတ်တော်ဥပဒေပြုရေးဆိုင်ရာ ကော်မတီ




ရှမ်းပြည်နယ်လွှတ်တော်တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာ ကော်မတီ




ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ




ရှမ်းပြည်နယ်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ

# ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး မှတ်တမ်းဓာတ်ပုံများ




ရှမ်းပြည်နယ်လွှတ်တော် တိုင်ကြားစာများ
စိစစ်ရေးကော်မတီ




ရှမ်းပြည်နယ်လွှတ်တော် ဒေသန္တရစီမံကိန်းနှင့်
ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီ




ရှမ်းပြည်နယ်လွှတ်တော် ကျန်းမာရေးနှင့်
ပညာရေးမြှင့်တင်မှုကော်မတီ




ရှမ်းပြည်နယ်လွှတ်တော် တရားဥပဒေစိုးမိုးရေးနှင့်
ငြိမ်းချမ်းရေးကော်မတီ




ရှမ်းပြည်နယ်လွှတ်တော် တောင်သူလယ်သမား၊ အလုပ်သမားနှင့်
လူငယ်ရေးရာ ကော်မတီ

## ရှမ်းပြည်နယ်လွှတ်တော်၏ဦးတည်ချက် (Objectives)

(၁) ဥပဒေပြုခြင်း၊

(၂) ကိုယ်စားပြုခြင်း၊

(၃) ထိန်းကျောင်းခြင်း၊ ထိန်းညှိခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံး ဝန်ထမ်းများ၏ အရည်အသွေး မြင့်မားစေရေး ဆောင်ရွက်ခြင်း။

ထုတ်ဝေသူ – ဦးထက်မာန်အောင် (ပ/၅၆၃၁)၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဌာနခွဲ (၆)၊ ရှမ်းပြည်နယ်လွှတ်တော်ရုံး။ ထုတ်ဝေသည့်စောင်ရေ (၃၀၀)